## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

## (၇၄)နှစ်မြောက် သျှမ်းပြည်အမျိုးသားနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်

၁။ COVID-19 ကပ်ရောဂါကြောင့် (၇၄)နှစ်မြောက် သျှမ်းပြည်အမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်းကဲ့သို့ ခမ်းခမ်းနားနား ကျင်းပနိုင်မည်မဟုတ်ဘဲ အလှူဒါန ပြုလုပ်လှူဒါန်းခြင်း၊ ဟောပြောခြင်းနှင့် ညစာစားပွဲတည် ခင်း ဧည့်ခံခြင်းတို့အား မိမိတို့ အုပ်ချုပ်ရေးနယ်မြေဒေသအသီးသီးတွင် ကိုဗစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုလုပ်သွားမည် ဖြစ်သည်။

၂။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တပ်မတော်က အာဏာသိမ်းယူလိုက်သည့်အတွက် မိမိတို့ လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းကို ထိခိုက်စေသည့်အပြင် နှစ်ဦးနှစ်ဖက်ကြား တည်ရှိနေသော ယုံကြည်မှုကိုလည်း ပျက်ပြားစေနိုင်သည်။

၃။ ရွေးကောက်ခံ အစိုးရသစ် ပေါ်ထွန်းလာသည်အထိ အခြေအနေများကို အနီးကပ်စောင့်ကြည့်သွားမည် ဖြစ်ပြီး ဤကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်များ (Bilateral Agreements)ကို အခြေခံ၍ မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်။

၄။ သျှမ်းအမျိုးသား၊ သျှမ်းပြည်အမျိုးသားများနှင့် ပြည်ထောင်စု တိုင်းရင်းသားများ ညီညွတ်ရေးမှတဆင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း များ၊ နိုင်ငံရေးပါတီများ အပါအဝင် သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်။

၅။ အပြန်အလှန် ယုံကြည်မှု၊ ညီညွတ်မှု၊ နားလည်မှု၊ လေးစားမှုတို့ဖြင့် သျှမ်းပြည်အတွင်းရှိ တိုင်းရင်းသား တော်လှန်ရေးလက်နက်ကိုင် အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး ရှမ်းပြည်လူထု ကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။

၆။ သျှမ်းပြည်လူထု အကျိုးစီးပွားနှင့် သျှမ်းပြည် အေးချမ်းတည်ငြိမ်သာယာဝပြော တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေ့ရှု၍သော်လည်းကောင်း၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၏ နှစ်ပတ်လည်အစည်း အဝေး သဘောထားထုတ်ပြန်ကြေညာချက်အမှတ်(၂/၂၀၂၁)အရ သော်လည်းကောင်း၊ RCSSသည် ဤနေ့ထူး နေ့မြတ် (၇၄)နှစ်မြောက် သျှမ်းပြည်အမျိုးသားနေ့ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၇)နေ့မှစတင်ကာ ၂၀၂၁ခုနှစ်၊ မေလ (၂၁)ရက်နေ့အထိ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) နှင့် စစ်ရေးပဋိပက္ခဖြစ်ပွား ခြင်းကို မိမိတို့က တစ်ဖက်သတ်ရပ်ဆိုင်းလိုက်ပြီး နှစ်ဦးနှစ်ဖက်အကြား တရားဝင်တွေ့ဆုံဆွေးနွေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်

၁။ ဗိုလ်မှူး ခမ်းစံ +၆၆ ၈၀၈ ၇၉၄ ၀၅၃